အိမာမ် ရှေ့ဆောင်သည် (ဆွလာသ်၏) အခြေအနေတစ်ခု၌ ရှိနေစဥ်သင်တို့အနက် တစ်ဦးတစ်ယောက်သည် ဆွလာသ်ဆောက်တည်ရန်

ရောက်ရှိလာပါက ထိုသူသည် အိမာမ်ပြုလုပ်သည့်အတိုင်းသာပြုလုပ်ရမည်။

အလီဗင်န် အဗူသွာလိဗ်နှင့် မုအာဇ်ဗင်န် ဂျဗလ်(ရဿွိယလ္လာဟုအန်ဟုမာ)တို့က
ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ အိမာမ် ရှေ့ဆောင်သည် (ဆွလာသ်၏) အခြေအနေတစ်ခု၌ ရှိနေစဥ်
သင်တို့အနက် တစ်ဦးတစ်ယောက်သည် ဆွလာသ်ဆောက်တည်ရန် ရောက်ရှိလာပါက ထိုသူသည်
အိမာမ်ပြုလုပ်သည့်အတိုင်းသာ ပြုလုပ်ရမည်။ [ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] [သိရ်မိဇီကျမ်း။]

သင်တို့အနက် တစ်ဦးတစ်ယောက်သည် ဆွလာသ်ဆောက်တည်ရန် ရောက်ရှိလာသည့်အခါအိမာမ်ရှေ့ဆောင်သည် ရပ်လျက် သို့မဟုတ် ဦးညွှတ်လျက် သို့မဟုတ် ဦးချလျက် သို့မဟုတ်ထိုင်လျက် ရှိနေပါက ၎င်းသူသည် အိမာမ်ရှိနေသည့် ကိယာမ် သို့မဟုတ် ရကူအ် သို့မဟုတ်အခြားမည်သည့်အခြေအနေတွင်မဆို အတူပါဝင်လိုက်ရမည်။ အချို့သာမန်လူများ ပြုသကဲ့သို့အိမာမ်မတ်တပ်ရပ်လာသည်အထိစောင့်ဆိုင်းနေခြင်းမပြုရပေ။

https://sunnah.global/hadeeth/my/show/11310